စံတော်ချိန်
The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

# “နှစ်နိုင်ငံမာရသွန်တစ်ပွဲ”၏ ၁၀ နှစ်တာချိန်းဆိုထားမှု

မတ်၁ ရက် အရုဏ်တက်ချိန်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်တိုင်(ရှမ်း)၊ ဂျိမ်းဖော တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ရွှေလီမြို့ နန့်မော့ရေကန်ပန်းခြံ၌ မြူနှင်းများမပြယ် သေးပါ။ အပြေးသမား ၄၀၀၀ ခန့်သည် ဤနေရာမှ တာထွက်ပြီး ကျယ်ခေါင်နိုင်ငံ့တံခါးကို ဖြတ်ကျော်၍ မြန်မာနိုင်ငံ မူဆယ်မြို့သို့ ပြေးဝင်လာကြပါသည်။ ဤသည်မှာ “နှစ်နိုင်ငံမာရသွန် တစ်ပွဲ”၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်အချိန်အခါဖြစ်ပါသည်။



## ဤပြေးလမ်းသည် မြို့တစ်မြို့၏ ကြီးပြင်းလာမှုကို သက်သေထူခဲ့

၂၀၁၆ ခုနှစ်တွင် ပထမအကြိမ် ရွှေလီမာရသွန်ပြိုင်ပွဲစတင်ကျင်းပချိန်၌ ပြေးလမ်းသည် ရွှေလီမြို့တွင်း၌သာ ကန့်သတ်ထားပါသည်။ ၂၀၁၇ ခုနှစ်ပြိုင်ပွဲကို “နှစ်နိုင်ငံမာရသွန်တစ်ပွဲ”အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး အပြေးသမားများသည် မာရသွန်တစ်ပွဲတွင် နှစ်နိုင်ငံမှ ရှုမျှော်ခင်းများကို လက်တွေ့ခံစားနိုင်စေခဲ့ပါသည်။ ၁၀ နှစ်တာ ကာလအတွင်း နိုင်ငံနှင့်ဒေသပေါင်း ၃၃ ခုမှ လူဦးရေ ၆ သိန်းခန့်က ဤပြေးလမ်းပေါ်တွင် ခြေရာများ ချန်ရစ်ထားနိုင်ခဲ့ပါသည်။

ပြေးလမ်းပြောင်းလဲမှုက မြို့ပြ၏ပြောင်းလဲမှုများကို ရောင်ပြန်ဟပ်စေခဲ့ပါသည်။ ဤ ၁၀ နှစ်တာအတွင်း ရွှေလီမြို့သည် ၆၇ ကီလိုမီတာရှိသော ပြေးလမ်းအား အသစ်ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းများပြုလုပ်ခဲ့ပါသည်။ ရွှေလီ-နန့်သောင်အမြန်လမ်းသည် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကားလမ်းပေါက်ခဲ့ပြီး အပြေးသမားများ ပြေးလွှားရန် ပိုမိုအဆင်ပြေချောမွေ့လာစေခဲ့ပါသည်။ ၂၀၂၆ ခုနှစ်ပြိုင်ပွဲမတိုင်မီတွင် ကျယ်ခေါင်နိုင်ငံ့တံခါး ခရီးသွားစစ်ဆေးရေးလမ်းကြောင်း စမတ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပြီးဆုံးပြီးနောက် လမ်းကြောင်းဖြတ်သန်းမှု စွမ်းဆောင်ရည်သည် ၈၀% အထိ တိုးမြှင့်လာနိုင်ခဲ့ပါသည်။ အပြေးသမားများသည် ပြိုင်ပွဲလက်မှတ်ဖြင့် ၃-၄ မိနစ်အတွင်း နယ်စပ် ဖြတ်ကျော်နိုင်ပါသည်။

“စရောက်တုန်းက ရွှေလီမှာ လူလည်းနည်းတယ်၊ ကားလည်းနည်းတယ်။ စားသောက်ဆိုင်တွေမှာလည်း တစ်ရက်ကို ၁-၂ စားပွဲစာလောက်ပဲ ဧည့်သည်ရှိတယ်။ စားပွဲထိုးတွေရဲ့ လစာက ယွမ် ၈၀၀ ပဲရှိတယ်။ အခု လူစည်တဲ့ကာလဆိုရင် တစ်နေ့ကို လူဦးရေ ၃၀၀၀ လောက်လာပြီး စားပွဲထိုးတွေရဲ့လစာက ယွမ်၂၅၀၀ အထိ တက်သွားပါပြီ”ဟု ရွှေလီမြို့တွင် နေထိုင်လာသည်မှာ ၁၃ နှစ်ရှိပြီဖြစ်သည့် မုန့်မောင်စားသောက်ဆိုင် မန်နေဂျင်းဒါရိုက်တာ လီဇိန်းလျန်က ပြောပါသည်။

အသက် (၆၈) နှစ်အရွယ်ရှိသည့် ရွှေလီမြို့နေ အန်တီကြီးက “အခု လမ်းတွေလည်း သန့်ရှင်းနေ၊ လမ်းပန်းဆက်သွယ်ရေးလည်း အဆင်ပြေချောမွေ့နေတော့ ညီအစ်မတွေနဲ့ အက ကတာ၊ ခရီးသွားနဲ့ နေရတာ အင်မတန်စိတ်ချမ်းသာပါတယ်”ဟု ရယ်မောကာ ပြောပြပါသည်။

မြန်မာနိုင်ငံသားစည်ပင်သာယာရေးဝန်ထမ်း မမေသင်းခိုင်သည် လွန်ခဲ့သော ၃-၄ နှစ်က မိခင်နှင့်အတူ ရွှေလီမြို့သို့ လာရောက်အလုပ်လုပ်ပါသည်။ “အဖွဲ့မှူးက အားလုံးကို သေချာဂရုစိုက်ပါတယ်။ နှစ်သစ်ကူးတို့၊ ပွဲတော်ရက်တို့မှာလည်း လက်ဆောင်ပစ္စည်းတွေပေးတယ်။ ဒီမှာက မြန်မာနိုင်ငံသားတွေအများကြီးပါပဲ။ အိမ်ကို သတိရပေမယ့် နေရတာပျော်ပါတယ်။ သစ်ပင်ပန်းမန်တွေကလည်း အရင်ထက် အများကြီးပိုများလာပါတယ်”

## အချို့က ၁၀ နှစ်ပါဝင်ဆင်နွှဲခဲ့ပြီး အချို့က ၈ နှစ်စောင့်ဆိုင်းခဲ့ရ

“စာရင်းသွင်းတာကနေ ပြိုင်ပွဲပြီးဆုံးသည်အထိ သေချာ စီစဉ်ထားပါတယ်။ ပြေးလမ်းတွေက တစ်နှစ်ထက်တစ်နှစ် ပိုပိုကောင်းလာတယ်။ ဝန်ဆောင်မှုတွေကလည်း ပိုပိုနွေးထွေးလာတယ်။ ကျွန်တော့်ရဲ့ စံချိန်တွေကို တစ်ကြိမ်ပြီးတစ်ကြိမ် ကိုယ့်ကိုယ်ကိုယ် ထိုးဖောက်လာနိုင်စေခဲ့ပါတယ်” ဤစကားကို ပြောသည့် ကျန်းကျန့်ချန်သည် ၁၀ နှစ်ဆက်တိုက် ပါဝင်ဆင်နွှဲခဲ့သော ပြိုင်ပွဲဝင်ဟောင်းတစ်ဦးဖြစ်ပါသည်။

ရှီးအန်းမြို့မှလာသည့် လီရှန့်ဇယ်၏အကြောင်းမှာမူ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ သူမသည် ၂၀၁၇ ခုနှစ်တွင် မထင်မှတ်ဘဲ ရွှေလီမြို့သို့ ရောက်လာပြီးနောက် ပြိုင်ပွဲပါဝင်ဆင်နွှဲလိုသဖြင့် နာမည်စာရင်း ၄ ကြိမ်တိုင်အောင် ရှေ့ဆင့်နောက်ဆင့်ပေးသွင်းခဲ့သော်လည်း ယခင် ၃ ကြိမ်တွင် လွဲချော်ခဲ့ရပြီး ယခုနှစ်တွင်မှသာ အိပ်မက်တို့ ပြည့်ဝခဲ့ရပါသည်။ “အခုအကြိမ် ပြိုင်ပွဲဆင်နွှဲရတဲ့ခံစားမှုက အင်မတန်ကောင်းပါတယ်။ လေယာဉ်ပေါ်က ဆင်းလာတာနဲ့ နွေးထွေးစေတဲ့ ဝန်ဆောင်မှုတွေခံစားရတယ်။ ကျယ်ခေါင်နိုင်ငံ့တံခါးမှာ မြန်မာနိုင်ငံ နယ်စပ်ဒေသပြည်သူတွေရဲ့ အော်ဟစ်အားပေးမှုတွေက ကျွန်တော့်ကို အားတွေပြည့်နေစေပါတယ်။ ဗီဒီယိုတွေလည်း အများကြီးရိုက်ပြီး မိတ်ဆွေသူငယ်ချင်းတွေဆီ မျှဝေပေးခဲ့ပါတယ်”

အသက် ၁၈ နှစ်အရွယ်ရှိ မြန်မာကျောင်းသား ကိုစိုင်းသည် မူဆယ်မြို့မှ အထူးတလည် လာရောက်ခဲ့ပါသည်။ ဤသည်မှာ သူ၏ (၂) ကြိမ်မြောက် ပြိုင်ပွဲပါဝင်ဆင်နွှဲခြင်းဖြစ်ပြီး ရလဒ်မှာလည်း ယခင်အကြိမ်ကထက် ပို၍ကောင်းမွန်ခဲ့ပါသည်။ ပန်းတိုင်ကိုရောက်ရှိခဲ့ပြီးနောက် “နိုင်ငံ့တံခါးမှာ ဇာတိမြေက နိုင်ငံသားတွေ ကျွန်တော့်အတွက် အားပေးနေတာကိုတွေ့တော့ ရင်ထဲမှာ စိတ်လှုပ်ရှားပြီး ဝမ်းလည်းသာပါတယ်”ဟု သူက ပြောပါသည်။

ပထမဆုံးအကြိမ်ပြိုင်ပွဲလာရောက်ဆင်နွှဲသည့် ကွမ်တုန်းပြည်နယ်မှ အပြေးသမား ကျိုးပင်းသည် နှစ်စဉ်နှစ်တိုင်း မာရသွန်ပြိုင်ပွဲ ၅ ပွဲကို ဆင်နွှဲလေ့ရှိပါသည်။ ယခုအကြိမ်တွင် ကွမ်တုန်း-ဟောင်ကောင်-မကာအိုပင်လယ်ကွေ့ဒေသကြီးမှ ရောက်လာခဲ့ခြင်းဖြစ်ပါသည်။“မြန်မာနိုင်ငံက အပြေးသမားတွေနဲ့ ပြိုင်ပွဲ အတူပါဝင်ဆင်နွှဲရတာ အင်မတန် ဆန်းသစ်လှပါတယ်။ နိုင်ငံဖြတ်ကျော်လာတဲ့ စေတနာတွေကို ခံစားခဲ့ရပါတယ်”

ပြေးလမ်းတစ်လမ်းသည် မတူညီသောနိုင်ငံ၊ မတူညီသော အသက်အရွယ်ရှိသည့် လူများကို မိတ်ဆွေသူငယ်ချင်း ဖြစ်လာစေခဲ့ပါသည်။

## မာရသွန်တစ်ပွဲပြေးလွှားခြင်းက အပြေးသာမကပါ

တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး(ကူမင်း) ကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းက“ရွှေလီမြို့က တစ်နှစ်ထက်တစ်နှစ် ပိုကောင်းလာပါတယ်။ ဒီနှစ် အဓိကက တစ်ဝက်မာရသွန်၊ မာရသွန်ဖြစ်ပြီး နှစ်နိုင်ငံလူငယ်တွေ ပါဝင်ဆင်နွှဲတာလည်း ပိုများလာပါတယ်။ အရပ်ဘက်ဆွေးနွေးဖလှယ်မှု အင်အားတွေလည်း ပိုကောင်းလာပါတယ်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနဲ့ ပြေးခုန်ပစ်အဖွဲ့က တာဝန်ရှိသူတွေလည်းလာကြပါတယ်။ အစိုးရချင်းပူးပေါင်းဆောင်ရွက်မှုတွေ ပိုပြီးတော့နက်ရှိုင်းလာပါတယ်”ဟု ပြောပါသည်။

မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက မကြာမီက မြန်မာနိုင်ငံတွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း၊ ယခုအကြိမ်တွင် အဆင့် ၁ မှ ၂၀၀ အတွင်းစာရင်းဝင်ခဲ့သည့် လက်ရွေးစင်များကို ပြိုင်ပွဲဆင်နွှဲရန် စေလွှတ်ခဲ့ကြောင်း ပြောပြပါသည်။ “မြန်မာ-တရုတ်နှစ်နိုင်ငံက တောတောင်ရေမြေ ဆက်စပ်နေပြီး ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ခြင်းက ချစ်ကြည်မှုနဲ့ နားလည်သိရှိမှုကို တိုးမြှင့်နိုင်ဖို့ပါ။ သံတမန်ရေးရာ၊ စီးပွားရေး၊ လယ်ယာစိုက်ပျိုးရေး စတဲ့အပိုင်းတွေမှာ နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ မျှော်လင့်ပါတယ်”ဟု ပြောပြပါသည်။

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(မန္တလေးရုံးခွဲ) အတွင်းရေးမှူးချုပ် ဦးခင်မောင်ချိုသည် ရွှေလီမြို့သို့ ပထမဆုံးအကြိမ် ရောက်လာခဲ့ပြီး အဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ပြိုင်ပွဲ၌ ပါဝင်ခဲ့ပါသည်။ “ နှစ်နိုင်ငံ အားကစားသမားတွေ တက်ကြွစည်းလုံးတဲ့ ပြိုင်ပွဲအငွေ့အသက်တွေကို ခံစားခွင့်ရတာ အင်မတန် ကျေနပ်ပါတယ်။ ကျွန်တော်တို့ကလည်း မြန်မာ-တရုတ် ချစ်ကြည်ရေးအတွက် တတ်အားသရွေ့ လုပ်ဆောင်သွားမှာပါ”ဟု ပြောပါသည်။

(၁၀) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တယ်ဟုန်ပြည်နယ်ခွဲက အထိမ်းအမှတ်တံဆိပ်ရုပ်၊ ရင်ထိုးတံဆိပ်နှင့် တရုတ်-မြန်မာ ယဉ်ကျေးမှုဖန်တီးပစ္စည်းတွေကို ပြင်ဆင်ထားပြီး ပြိုင်ပွဲပြီးဆုံးသည်အထိ ပြိုင်ပွဲဝင်ခဲ့သည့် ပြိုင်ပွဲဝင်များသည် တစ်ဦးချင်းအချက်အလက်များ ခတ်နှိပ်ထားသည့် အာဖရိကကျောက်စိမ်းဆုတံဆိပ်ပြားကို လက်ခံရရှိနိုင်ပါသည်။ အဓိကအကြောင်းအရာပြပွဲ၊ ဂျိမ်းဖောတိုင်းရင်းသား မနောပွဲတော် လက်တွေ့ခံစားမှု စသည့် လှုပ်ရှားမှုများကိုလည်း ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲလက်မှတ်ပြရုံဖြင့် လေယာဉ်ကွင်းဘတ်စကား အခမဲ့ကြိုပို့မှု၊ မြို့တွင်းဘတ်စကား အထူးလမ်းကြောင်း အခမဲ့ကြိုပို့မှု၊ ရှုခင်းသာဟိုတယ် လျှော့ဈေးပေးမှု စသည့်အကျိုးထူးများ ခံစားခွင့်ရခဲ့ပါသည်။ “တစ်ဦးပြိုင်ပွဲဝင်၍ တစ်မိသားစုလုံးခရီးသွား”နှင့် “မာရသွန်တစ်ပွဲ ပြေးလွှား၍ မြို့တစ်မြို့ကိုလည်းပတ်ခြင်း”ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ရွှေလီမာရသွန်ပြိုင်ပွဲ ကော်မတီတာဝန်ရှိသူ မာရှောက်က ၂၀၁၆ ခုနှစ်တွင်ပင် မြန်မာနိုင်ငံသား ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် ၂၂၁ ဦးရှိပါသည်။ “ပြိုင်ပွဲကျင်းပတာကလည်း မြို့ပြကို ပျိုးထောင်လည်ပတ်စေတာပါပဲ၊ ‘နှစ်နိုင်ငံမာရသွန်တစ်ပွဲ’က ရွှေလီမြို့ရဲ့လိပ်စာကဒ်ဖြစ်လာခဲ့ပါပြီ”ဟု ပြောပြပါသည်။